# သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့်
# ထောက်ပံ့ရေး ပရဟိတလူငယ်များအသင်း
# သုံးနှစ်ပြည့်အထိမ်းအမှတ်စာစောင်

# Save The Aged

ဤအသင်းကို မြန်မာသက္ကရာဇ် ၁၃၇၁ ခုနှစ်၊ ပြာသိုလပြည့်ကျော် (၄) ရက်၊
ခရစ်နှစ် - ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီ (၃) ရက်၊ တနင်္ဂနွေနေ့တွင် စတင်ဖွဲ့စည်းသည်။

www.savetheaged.ning.com

# အယ်ဒီတာစကား
# မဟုတ်တဲ့
# အမှတ်တရစကား

၂၀၁၂ ခုနှစ် ဒီဇင်ဘာလရဲ့ ရက်တစ်ရက်မှာ STA (၃)နှစ်ပြည့်အတွက် မှတ်တမ်းစာအုပ်လေး တစ်အုပ်လုပ်ချင်တယ်ဆိုပြီး မမလှနဲ့ လင်းခိုင်တို့နှစ်ယောက် ကျွန်တော့်ဆီကို ရောက်လာတယ်။

ပြီးတော့ အဲဒီမှတ်တမ်းစာအုပ်လေးမှာ မမြသွေးနီနဲ့ ကျွန်တော့်ကို အယ်ဒီတာစကားရေးပေးဖို့ကို ဆက်ပြောလာပြန်တယ်။

ကျွန်တော်တို့နှစ်ယောက်အနေနဲ့ အဖွဲ့မှာ ထဲထဲဝင်ဝင်မလုပ်နိုင်တော့တဲ့ အခြေအနေမို့ အခုလို အယ်ဒီတာစကားရေးခိုင်းတော့ စိတ်ထဲမှာ မဝံ့မရဲဖြစ်မိတယ်။

STA (၃)နှစ်ပြည့်စာအုပ်လေး ဖြစ်မြောက်ဖို့အတွက် သဲတစ်ပွင့်အဖြစ် ပါဝင်ဖို့ အခွင့်အရေးပေးခဲ့တဲ့ STA ကိုလည်း ရင်ထဲက တကယ့်ကို ကြည်ကြည်နူးနူး ကျေးဇူးတင်နေမိပါတယ်။

ပထမဦးဆုံး အမှတ်တရစကားအနေနဲ့ STA ရဲ့အဖွဲ့ဝင် ပြည်တွင်းပြည်ပ ညီအစ်ကိုမောင်နှမများအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းတွေနဲ့ ပြည့်စုံပြီး အဖွဲ့ရဲ့ပရဟိတအလုပ်တွေကို ဆထက်ထမ်းပိုး ဆောင်ရွက်နိုင်ပါစေကြောင်းနဲ့ အဖွဲ့၏အစောင့်အရှောက်ခံ ကိုယ်စားမိဘအဘိုးအဘွားများအားလုံးလည်း ကျန်းမာပျော်ရွှင်ခြင်း

နဲ့ပြည့်စုံပြီး အသက်ရာကျော်ရှည်ပါစေကြောင်း ဆုမွန်ကောင်း တောင်း ပေးလိုက်ပါသည်။

နောက် STA ညီအစ်ကိုမောင်နှမ မိသားစုတွေအတွက် အားလုံးရင်ထဲဖြစ်တည်နေတာလေးကို ခံစားရင်း STA သုံးနှစ်ပြည့်အတွက် အမှတ်တရကဗျာလေးတစ်ပုဒ် ရေးပေးလိုက်ပါတယ်။

ဖတ်ကြည့်ပေးကြပါဦး။

**အရောင်တူစိတ်**

ဟော့....ပွဲစပြီ။

တစ်ယောက်ရဲ့အသံနောက် တစ်ယောက်ကလိုက်ကြ

တက်ညီလက်ညီထက် စိတ်တူကိုယ်တူဖြစ်နှင့်နေမှ

ရှေ့တက်နောက်ဆင်း ပြောနေဖို့မလိုဘူး။

ကိုယ့်ဘက်က စိတ်အပြည့်ပေးထားမှတော့

ပွဲစဉ်တွေ ဘယ်လောက်များများ

အားလုံးရင်ထဲ အဖြူရောင်။

**ကိုမော်ကြီး+မမြသွေးနီ**

*

## စီစဉ်သူစကား

တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်ဆိုတဲ့ အချိန်ကာလလေးဟာ နှုတ်ဖျားက ရေရွတ်ကြည့်လိုက်ရင် အလွယ်တကူ ပြီးဆုံးသွားနိုင်တဲ့ ပြီးတော့ ပေ့ါ ပေ့ါပါးပါးလေးလို့ ထင်ရကောင်းတဲ့ နှစ်အပိုင်းအခြားလေးပါ။

ဒါပေမယ့် တကယ်လက်တွေ့ဘဝမှာတော့ အခက်အခဲပေါင်းများ စွာ၊ မျက်ရည်စက်ပေါင်းများစွာ၊ ချွေးစက်ပေါင်းများစွာ၊ ခံစားမှုရသ ပေါင်းများစွာ၊ ဘဝပေါင်းများစွာ၊ အချိန်ပေါင်းများစွာတို့ ရောပြွန်းယှက် နွယ်ဆောက်တည်ရင်း ဖြတ်သန်းခဲ့ရတယ်ဆိုတာကို ဘယ်လိုမှ ငြင်းနိုင် မယ်မထင်ပါဘူး။

အဲဒီမငြင်းနိုင်တဲ့အချက်တွေကို အခိုင်အမာသက်သေထူဖို့အတွက် အကြံပေးသူ၊ တိုက်တွန်းသူ၊ ထောက်ခံအားပေးသူ၊ ရေးသားတင်ဆက် သူတို့ရဲ့ လုံ့လနဲ့စေတနာတို့ ပေါင်းစပ်ပြီး ဒီစာအုပ်လေးကို စီစဉ်ဖန်တီး တင်ဆက်ဖြစ်ခဲ့ပါတယ်။

ဒီစာအုပ်လေးကိုဖတ်ရှုပြီး အဘိုးအဘွားတွေကိုချစ်တဲ့စိတ်၊ အားပေးချင်စိတ်၊ ဖေးကူချင်စိတ်၊ ကူညီချင်စိတ်တွေဟာ နဂိုရှိရင်းစွဲ ထက် အားကောင်းသွားပြီး အဘိုးအဘွားတွေအတွက် အချိန်ပေးချင် စိတ်တွေ မိတ်ဆွေရဲ့ရင်ထဲ တစ်စွန်းတစ်စလေးလောက် ပိုမိုရောက်ရှိ သွားပြီဆိုရင်တော့ စီစဉ်သူရဲ့ စိတ်ကူးအကောင်အထည်ဖော် လုပ်ဆောင်ခြင်းတစ်ခုထဲကြောင့်မဟုတ်ဘဲ ဒီစာအုပ်လေးကို ဝိုင်းဝန်း စုစည်းအကောင်ဖော်ပေးတဲ့ ပရဟိတမိသားစုဝင်များကြောင့်လို့ ပြော

ကြားရင်း နှစ်ပေါင်းများစွာတိုင် တွဲဆက်ထားတဲ့လက်တွေ ခိုင်မြဲနေစေဖို့ ရင်ထဲက လှိုက်လှိုက်လှဲလှဲ ဆုတောင်းပေးနေမိပါတော့တယ်။

ယခုကဲ့သို့ ဒီစာအုပ်လေးကို ဖန်တီးဖော်ဆောင်ပြီး ပရဟိတမိသားစုဝင်များဆီသို့ ပို့ဆောင်ပေးနိုင်ရန် စတင်အကြံဉာဏ်ကောင်းများပေးခဲ့ကြသော၊ စာအုပ်ဖန်တီးရာတွင် လိုအပ်သောအချက်အလက်များ၊ အကူအညီများကို ရှုထောင့်ပေါင်းစုံမှ ပံ့ပိုးကူညီပေးခဲ့ကြသော STA မှ အသင်းဝင် ညီအစ်ကိုမောင်နှမများအားလုံးကို ကျေးဇူးအထူးပင်တင်ရှိကြောင်း ပြောကြားပါရစေ။

အချိန်တိုလေးအတွင်းမှာ STA သုံးနှစ်ပြည့် အမှတ်တရစာစောင်လေး အချိန်မီပြီးစီးအောင် တက်သုတ်ရိုက်လုပ်ခဲ့ရတာမို့ မပြည့်စုံမှုတွေ၊ လိုအပ်ချက်တွေ ရှိနေခဲ့မယ်ဆိုရင်တော့ စီစဉ်သူရဲ့ အားနည်းချက်အဖြစ် သတ်မှတ်ပေးကြဖို့နဲ့ နားလည်ခွင့်လွှတ်ပေးကြဖို့ကိုလည်း မမေ့မလျော့ ပြောလိုက်ပါရစေ ခင်ဗျာ....

**ကျေးဇူးတင်လေးစားခြင်းဖြင့်**

**စီစဉ်သူ**

*

# STA ဆိုတာ

၃-၁-၂၀၁၀ ခုနှစ်ရဲ့ အေးချမ်းတဲ့ဆောင်းရာသီမှာ အင်တာနက်ရဲ့ စာမျက်နှာထက်က လူငယ် ၁၅ ဦးရဲ့ အိမ်မက်တွေဆုံတဲ့နေ့၊ အနာဂတ်မှာ အပြုံးပန်းတွေပွင့်ဖို့ ပျိုးကျဲခဲ့တဲ့နေ့။

မျှော်လင့်ချက်မဲ့သူရဲ့ လက်ထဲကို ကောက်ရိုးတစ်မျှင်စာမျှ ကမ်းခွင့်ရဖို့ လက်ဝါးချင်းရိုက်ပြီး တက်ညီလက်ညီချီတက်ခဲ့တဲ့နေ့။ ငိုနေတဲ့ မျက်ရည်၊ လိုနေတဲ့ဆန္ဒ၊ ကြို့နေတဲ့ရင်ခွင့်နဲ့ လောကကြီးရဲ့ မျက်နှာလိုက် အငြိုးကြီးစွာ ဖယ်ကျဉ်ခံထားရတဲ့ ဆည်းဆာချိန်အောက်က လူသားတွေဘဝအတွက် မျှော်လင့်ချက်အလင်းရောင်ကို ထွန်းညှိ သူတို့တွေရှိရာဆီကို အရောက်လှမ်းပို့မယ်ဆိုတဲ့ တူညီတဲ့စိတ်ကူးတွေနဲ့ စတင်ခဲ့တဲ့နေ့။ အဲဒီနေ့ဟာ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေးပရဟိတ လူငယ်များအသင်း Save the Aged(STA) စတင်ခဲ့တဲ့နေ့ ဖြစ်ပါတယ်။

www.savetheaged.ning.com ဆိုတဲ့ Social Network တစ်ခုမှသည် ကမ္ဘာ့တစ်နံ့တလျားဆီသို့ ကူးစက်ပျံ့နှံ့ ပရိဟိတစိတ်တွေဖြန့်ကျက်လို့ ရည်ရွယ်ချက်နဲ့မူဝါဒကို သန္နေတည် အခြေတည်တဲ့ နှလုံးသားတွေ စုပေါင်းခဲ့တာ ၁ ယောက်မှ ၁၀၀၊ ၁၀၀ မှ ၁၀၀၀ နဲ့အခုဆိုရင် အသင်းဝင်ပေါင်း ၃၀၀၀ ကျော်ပါဝင်လာခဲ့ပြီ ဖြစ်ပါတယ်။

သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေးပရဟိတ လူငယ်များအသင်း (Save the Aged)ဆိုတဲ့ နာမဝိသေသနနဲ့အညီ ခိုကိုး

ရာမဲ့ အပစ်ပယ်ခံဘိုးဘွားတို့ရဲ့ ညကောင်းကင်ထက်မှာ တစ်ထောင့် တစ်နေရာကနေ တစ်ပွင့်စီလင်းလက်ကြဖို့ ရည်စူးခဲ့ဒွာန်ပြီး ဖြစ်တည် လာခဲ့ရာမှာ ယနေ့အချိန်ဆိုလျှင် သုံးနှစ်တာကာလသို့တိုင်ပြီ ဖြစ်ပါ တယ်။ အသင်းဝင်များရဲ့ စုစည်းအားကိုပေါင်းပြီး ညီအစ်ကိုမောင်နှမ စိတ်ဓာတ်၊ မိသားစုစိတ်ဓာတ်နဲ့ ရင့်ကျက်သော အတွေးအခေါ်၊ မြင့်မား သော စိတ်သဘောထား၊ လေးနက်သော ခံစားချက်များဖြင့် သက်ကြီး ရွယ်အိုဘိုးဘွားတိုင်း၏ အားကိုးအားထားပြုရာ မဏ္ဍိုင်ကြီးတစ်ခုအဖြစ် ထာဝရရှင်သန်ရပ်တည်သွားနိုင်ရန် ကြိုးပမ်းတည်ဆောက်လျက်ရှိ သော အသင်းကြီးလည်း ဖြစ်ပါတယ်။

*

## STA သမိုင်းကြောင်းနှင့် လုပ်ဆောင်ချက်

သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေးပရဟိတ လူငယ်များအသင်း (Save the Aged) ကို ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့၊ ကောဇာသက္ကရာဇ် ၁၃၇၁ ခုနှစ် ပြာသိုလပြည့်ကျော် ၄ ရက်နေ့၌ online ပေါ်မှ ခင်မင်ရင်းနှီးရာ လူငယ် ၁၅ ဦးမှ စတင်တည်ထောင်ခဲ့ပြီး ထိုမှတစ်ဆင့် အနယ်နယ်အရပ်ရပ်နှင့် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ရောက်ရှိနေသော မြန်မာနိုင်ငံသား သွေးချင်းများစွာ စုပေါင်းပါဝင်အားဖြည့်လာခဲ့ရင်း အသင်းဝင်ပေါင်းများစွာ ပါဝင်တည်ရှိလာခဲ့သည်။ မူဝါဒလေးရပ်၊ ရပ်တည်ချက်သုံးရပ် ချမှတ်ခဲ့ပြီး စိတ်ကူးဆန္ဒတူ အသင်းသားများ မှ ကူညီဝိုင်းဝန်း၍ မြန်မာနိုင်ငံသာမက စင်ကာပူ၊ မလေးရှား၊ ဟောင်ကောင်၊ ဒူဘိုင်း၊ ဂျပန်၊ ကိုရီးယားစသည့်နိုင်ငံများအထိ အမာခံမန်ဘာပေါင်းများစွာ ပါဝင်လာခဲ့ကြသည်။ ထိုမှတစ်ဆင့် စင်ကာပူနှင့်မလေးရှားတို့တွင်ပါ Save the Aged အဖွဲ့ခွဲအဖြစ် ဖွဲ့စည်း၍ ပင်မဌာနဖြစ်သော မြန်မာနိုင်ငံနှင့် ချိတ်ဆက်ဆက်သွယ်၍ STA ၏ ရည်ရွယ်ချက်လမ်းစဉ်အပေါ် စဉ်ဆက်မပျက် အားသွန်ခွင်စိုက် ပံ့ပိုးကူညီခဲ့ကြသည်။

Save the Aged အသင်း၏ ရည်ရွယ်ချက်များဖြစ်သည့် ‘(၁) အပစ်ပယ်ခံ အဘိုးအဘွားများအား မိမိတို့၏ အမိအဖအရင်းအချာသဖွယ် နွေးထွေးစွာ ပြုစုစောင့်ရှောက်ရန်၊ (၂) သက်ကြီးရွယ်အို စောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေးကို အခြေပြု၍ အခြားလူမှုရေးနှင့် လစဉ်ပရဟိတလုပ်ငန်းများ လုပ်ဆောင်သွားရန်၊ (၃) လူငယ်လူရွယ်များ ချစ်ခင်ရင်းနှီး

စွာ၊ အစုအသင်းစိတ်ဓာတ်ဖြင့် လူမှုဖွံ့ဖြိုးမှု နိမ့်ကျသော ပတ်ဝန်းကျင်အား ထိရောက်စွာအကျိုးပြုရန်' ဆိုသည့်အတိုင်း 'အသက် ၆၅ နှစ်အထက် ခိုကိုးရာမဲ့ဝမ်းစာရေးအတွက် အခက်အခဲဖြစ်နေသော ဘိုးဘွားများအား ၎င်းတို့နေထိုင်ရာပတ်ဝန်းကျင်၏ ထောက်ခံမှုနှင့်အတူ အသင်းမှစိစစ်ရွေးချယ်ကာ အမှန်တကယ် အကူအညီလိုအပ်လျက်ရှိရာ ဘိုးဘွားများအား လစဉ်ငွေသားနှင့် ဆေးဝါးထောက်ပံ့ပေးပြီး STA ၏ ကိုယ်စားမိဘအဖြစ် သတ်မှတ်စောင့်ရှောက်ပေးခဲ့သည်။

အသင်းဖွဲ့စည်းချိန်မှ ယခုအချိန်ထိ ထောက်ပံ့ပေးထားသော ဘိုးဘွားဦးရေမှာ ၃၇ ဦးရှိပြီး ယခင်က ဘိုးဘွားတစ်ဦးစီအားငွေသား ၁၅၀၀၀ ကျပ်နှုန်းဖြင့် စတင်ထောက်ပံ့ပေးခဲ့ရာ ယခုအခါ ငွေသား ၂၅၀၀၀ ကျပ်နှင့် ဆေးဝါးများကိုပါ လစဉ်လှူဒါန်းထောက်ပံ့ပေးလျက်ရှိပါသည်။ ဘိုးဘွားတို့၏ စားဝတ်နေရေးပြေလည်စေရန် ရည်ရွယ်သည်သာမကပဲ ဘဝနေဝင်ချိန်နှင့်နီးကပ်နေရသော ဘိုးဘွားတို့၏ စိတ်ဓာတ်နှင့်နှလုံးသားများကို ဖေးမစောင့်ရှောက်ပေးနိုင်ရန်ပါ ကြိုးပမ်းခဲ့ကြသည်။ အထီးကျန်ခိုးကိုးရာမဲ့နေသော ဘိုးဘွားတို့ လိုအပ်တောင့်တနေသော မိသားစုဘဝနှင့် သားသမီးမြေးမြစ်များ၏ မေတ္တာ၊ ကရုဏာတရားတို့ကို STA အသင်းသူ အသင်းသားများမှ မေတ္တာ၊ စေတနာ၊ ကရုဏာစိတ်အပြည့်အဝထားကာ ဘိုးဘွားစောင့်ရှောက်ရေးလုပ်ငန်းစဉ်တစ်ရပ်ကို ထည့်သွင်းသတ်မှတ်၍ ဖြည့်ဆည်းဆောင်ရွက်လျက်ရှိသည်။

Save the Aged လုပ်ငန်းစဉ် လည်ပတ်မှု၏ ပင်မထောက်တိုင်အဖြစ် အသင်းဝင်ညီအစ်ကိုမောင်နှမများမှ လစဉ်အသင်းဝင်ကြေးများ ထည့်သွင်း၍လည်းကောင်း၊ စေတနာရှင်အသီးသီးမှ အလျဉ်းသင့်သလို ပေးပို့လှူဒါန်းမှုဖြင့်လည်းကောင်း ရပ်တည်နိုင်ခြင်းဖြစ်သည်။ Save the

Aged ၏ အမာခံအသင်းဝင်များထံမှ အမာခံကြေးကိုတစ်လလျှင် ၂၀၀၀ ကျပ်နှုန်းဖြင့် စတင်ကောက်ခံခဲ့ပြီး ၂၀၁၂ ခုနှစ် နှစ်ဦးပိုင်းမှစ၍ တစ်လလျှင် ကျပ် ၃၀၀၀ ကျော်နှုန်းဖြင့် တိုးမြှင့်ပြောင်းလဲ၍ လစဉ်ကောက်ခံလျက်ရှိသည်။ စင်ကာပူ၊ မလေးရှားစသော Save the Aged အဖွဲ့ခွဲနိုင်ငံများတွင်လည်း တစ်လလျှင် ၁၅ စင်ကာပူဒေါ်လာ (S$ 15)၊ ၁၅ မလေးရှားရင်းဂစ် (15 MYR) နှုန်းဖြင့် အမာခံကြေးကို ကောက်ခံလျက်ရှိသည်။ ထိုသို့ အလှူရှင်အသင်းဝင်အသီးသီး၏ လှူဒါန်းငွေများဖြင့် အသင်းကို ရပ်တည်လုပ်ဆောင်လျက်ရှိသည်။

Save the Aged သည် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးနှင့် ထောက်ပံ့ရေး ပရဟိတအသင်း ဖြစ်သည့်အားလျော်စွာ သက်ကြီးရွယ်အိုများအား စောင့်ရှောက်ထောက်ပံ့ပေးမှုသာမကဘဲ အသင်း၏ရည်ရွယ်ချက်(၂)၊ (၃)နှင့်အညီ ပရဟိတလုပ်ငန်းများကို လုပ်ဆောင်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆင်းရဲနွမ်းပါးသော စာသင်ကျောင်းများ၊ မိဘမဲ့ဂေဟာများ၊ ဘိုးဘွားရိပ်သာများ၊ သီလရှင်ကျောင်းများ အပါအဝင် ဖွံ့ဖြိုးမှုနိမ့်ကျသော လူမှုပတ်ဝန်းကျင်အတွင်းသို့ လစဉ်လတိုင်း သွားရောက်လှူဒါန်းလျက်ရှိပြီး အခြားသော ပရဟိတ ဆောင်ရွက်မှုများကိုလည်း လစဉ်လတိုင်း ပြုလုပ်နိုင်ခဲ့သည်။ လစဉ် လတစ်လ၏ ပထမတနင်္ဂနွေနေ့တွင် အသင်း၏တွေ့ဆုံဆွေးနွေးပွဲ (Meeting) ကို ပြုလုပ်ခဲ့ပြီး ထိုလအတွင်း မည်သည့်နေရာဒေသသို့ သွားရောက်လှူဒါန်းမည်ကို တိုင်ပင်ဆုံးဖြတ်ကြပြီး တတိယအပတ်တနင်္ဂနွေနေ့ကို အလှူနေ့အဖြစ်သတ်မှတ်ကာ သွားရောက်လှူဒါန်းခဲ့ကြသည်။

အဖွဲ့မှ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအပြင် လစဉ်လတိုင်း လိုအပ်သည့်နေရာများကိုသွားရောက်ကာ လှူဒါန်းမှုများပြုလုပ်ခဲ့

သည်မှာ ယခုဆိုလျှင် ၃၅ ကြိမ်တိုင် လှူဒါန်းခဲ့ပြီးဖြစ်ပါသည်။ လှူဒါန်းခဲ့ပြီးသမျှကို ဆိုက်ဒ်၏ Main Page နေရာမှာ အကျဉ်းရုံးပြီး ဖော်ပြထားသလို www.savetheaged.ning.com ရှိ ရေးသားချက်များတွင်လည်း လစဉ်အလိုက် ရေးသားထားသော ပို့စ်များတွင် ဖတ်ရှုနိုင်ပါသည်။ Save the Aged မှ လစဉ်အလှူများသာမက အရေးပေါ်အလှူငွေများအနေဖြင့်လည်း များစွာလှူဒါန်းပေးခဲ့ပြီးဖြစ်သည်။ ပြီးခဲ့သော ပူပြင်းလှသည့်နွေရာသီ၌ ရာသီဥတုဖောက်ပြန်မှုကြောင့် မြန်မာပြည်အနှံ့အပြား ရေအခက်အခဲဖြစ်ခဲ့စဉ်ကလည်း Save the Aged မှ တတ်နိုင်သည့်ဘက်မှ လိုအပ်သောနေရာများသို့သွားရောက်ကာ သောက်ရေလှူဒါန်းခြင်း၊ ရေတွင်း၊ ရေကန်များ တူးဖော်ပေးခြင်းများ ပြုလုပ်ခဲ့သည်။ ပထမဆုံး ရေတွင်းကို ပြည်တော်သာရွာတွင် တူးဖော်အောင်မြင်ခဲ့ပြီး၊ ဒုတိယ ရေတွင်းအား ကဒက်ဖျာရွာတွင်တူးဖော်ပေးခဲ့ပြီး ရေတွင်းနှင့်အတူ အုတ်ကန်ကိုပါ လှူဒါန်းနိုင်ခဲ့ပါသည်။ တတိယအကြိမ် ရေအလှူအဖြစ် ဖေဖော်ဝါရီလ ၂၀၁၁ ခုနှစ်တွင် အောင်မေတ္တာကျောင်း ရွှေပြည်သာတွင် အဘိုးအဘွားများအတွက် ယာယီအဆောင် ဆောက်လုပ်လှူဒါန်းခဲ့ပြီး ရေကန်တူးဖော်ခြင်းအလှူနှင့် ဩဂုတ်လ ၂၀၁၁ ခုနှစ်တွင် သန်လျင်မြို့အောင်ချမ်းသာရပ်ကွက် ကန်ပေါ်ကျောင်းတိုက်တွင် စက်ရေတွင်း ရေကန် ရေစုပ်စက်၊ မီးစက်၊ ရေတိုင်ကီအစုံတို့ကို လှူဒါန်းနိုင်ခဲ့ပါသည်။ ၂၀၁၁ ခုနှစ် မိုးရာသီတွင် မိုးများမြစ်ရေကြီးမှုကြောင့် သဘာဝဘေးဒဏ်သင့်ခံရသော ဟင်္သာတမြို့နယ်မှ ကျေးရွာများသို့ ဆန်၊ ဆီ၊ ဆား၊ ပဲနှင့် အခြေခံစားသောက်ကုန်များ အဝတ်အထည်၊ သောက်ရေသန့်၊ ဓာတ်ဆားတို့ကို နှစ်ကြိမ်သွားရောက်လှူဒါန်းခဲ့ကြပြီး တောင်ငူမြို့ ရေဘေးအတွက် အခြားပရဟိတအသင်းများနှင့်အတူ သွားရောက်လှူဒါန်းခဲ့ပါသည်။ ထို့ပြင် ၂၀၁၁ ခုနှစ် ကာလအတွင်းတွင်လည်း က

ယားရေဘေးအလှူအတွက်လည်းကောင်း၊ ပခုက္ကူရေဘေးအလှူအတွက်လည်းကောင်း လှူဒါန်းခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် ၂၀၁၂ ခုနှစ်အတွင်းတွင်လည်း ကချင်စစ်ဘေးသင့်ဒေသရှိ ကလေးသူငယ်များ၏ ပညာရေးအတွက် အထောက်အကူပြု လှူဒါန်းမှုကိုလည်းကောင်း၊ ပုသိမ်၊ သာပေါင်းကျေးရွာနှင့် အခြားသော ကျေးရွာများသို့ သွားရောက်ကာ မိုးများ၍ မြစ်ရေကြီးမှုကြောင့် သဘာဝဘေးဒဏ်သင့်ခံရသော ပြည်သူများထံသို့ စာနာထောက်ထားစိတ် အပြည့်အဝဖြင့် လှူဒါန်းမှုအစုစုကိုလည်းကောင်း သွားရောက်ပေးခဲ့သည်။ ပထမဆုံးအကြိမ် သောက်ရေအလှူကို ၂၀၁၀ မေလ ၁၆ ရက်နေ့တွင် သန်လျှင်၊ သုံးခွ၊ ပဲခူးတိုင်းစသည်တို့တွင် လှူဒါန်းမှုများ ပြုလုပ်နိုင်ခဲ့ပြီး ဖြစ်ပါသည်။

Save the Aged တွင် လစဉ်အလှူ၊ အရေးပေါ်အလှူများအပြင် ကာလဒါနအလှူအမျိုးမျိုးကိုလည်း ပြုလုပ်ခဲ့သည်မှာ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ပန်းစေတီ ပြုလုပ်တူးဖော်ခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်းနှင့် ဆီမီးသုံးထောင်၊ ဆီမီးငါးထောင်ထွန်းညှိပူဇော်ခြင်း၊ သွေးလှူဒါန်းခြင်း၊ ရဟန်းခံအလှူပွဲ ကျင်းပခြင်းများ စသည့်အလှူဒါနအမျိုးမျိုးကိုလည်း ပြုလုပ်နိုင်ခဲ့ပြီးဖြစ်သည်။

ယခုအခါတွင် Save the Aged သည် ဘိုးဘွားစောင့်ရှောက်ထောက်ပံ့မှုပေးခြင်းနှင့် လစဉ်အလှူပွဲများ ပြုလုပ်ခြင်းအားဖြင့် Save the Aged ၏ ကိုယ်စားမိဘများနှင့် ခိုကိုးရာမဲ့ ဘိုးဘွားများအတွက် လုံလောက်သောနေရာထိုင်ခင်းကို ရရှိစေနိုင်ရန်အလို့ငှာ ဘိုးဘွားရိပ်သာတစ်ခုကို အမြန်ဆုံး ဆောက်လုပ်လှူဒါန်းနိုင်ရန် အနာဂတ်ရည်မှန်းချက်တစ်ခုအဖြစ် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပြီး အသင်းသူ၊ အသင်းသားများနှင့် စေတနာရှင်အပေါင်းတို့၏ လှူဒါန်းပါဝင်အားဖြည့်မှုကို ကြိုဆိုလက်ကမ်း ရှေ့ဆက်

လျှောက်လှမ်းသွားမည် ဖြစ်ပါသည်။

စောင့်ရှောက်ထောက်ပံ့မှုမဲ့နေရှာသော ဘိုးဘွားများ အမှန်တကယ် လိုအပ်နေသော ပတ်ဝန်းကျင်အတွက် ကွက်လပ်လေးတွေ ဖြည့်ပေးချင်လို့ပဲဖြစ်ဖြစ်၊ ဆွေမျိုးမောင်နှမအရင်းနှင့်မခြား ချစ်ခင်ရင်းနှီးသော၊ ရိုင်းပင်းကူညီတတ်သော Save the Aged ပရဟိတလူငယ်များနှင့် တစ်ခရီးတည်း အတူတူသွားချင်လို့ပဲဖြစ်ဖြစ်၊ လှူချင်လို့ပဲဖြစ်ဖြစ်၊ ကူချင်လို့ပဲဖြစ်ဖြစ်၊ ပီတိလေးတွေ ယူချင်လို့ပဲဖြစ်ဖြစ် www.savetheaged.ning.com ကို ဆက်သွယ်ဖြစ်အောင် ဆက်သွယ်လိုက်ဖို့ ဖိတ်ခေါ်အပ်ပါသည်။

# STA-Cartoon


အေး ကွယ်...အဖွါးတို့ အိမ်သူအိမ်သားတွေလည်း
STA အသင်းဝင်ပြီးကတည်းက ဘိုးဘွား
စောင့်ရှောက် ရေး လုပ်ငန်း တွေ သွားလုပ် နေကြတော့
အဖွါး တစ်ယောက်တည်း အိမ်စောင့် ကျန် ခဲ့ရတာပေါ့...
အဖွါး တစ်ယောက်တည်း လား
ကျန်တဲ့ အိမ်သား တွေရော...
ဘယ်သွား ကြလဲ
CARTOON.(B.H.A)

# STA-Cartoon



ကဲ. ငါဘိုးတော် မမယ်... ဘိုးဘွား တွေကိုကူညီစောင့်ရှောက်နေတဲ့ STA အသင်းဝင်တွေ လိုရာဆုတောင်းကြ
တကယ် မမှားလား ဘိုးတော်ရယ်... STA အသင်းရဲ့အလှူပွဲနေ့ ကို တက်ရောက်လာကြမဲ့ လမ်းမလျှောက်နိုင်တဲ့ ဘိုးဘွားတွေကို လာမပေးရင် ကျေနပ်ပါပြီ
Moe Sut Nay

# STA-Cartoon




ကာတွန်း.... ကိုကြီးအောင်

*